ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ DMA/SSE/NM/၀၉/၂၀၂၄
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည်ညွှန်းချက် ။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းဌာနခွဲ ၏ ၅-၄-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ရညန/ရက/ရေလမ်းကြောင်း/၅၅၆

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် ဖြတ်သန်းမောင်းနှင်နေသော နိုင်ငံခြားပင်လယ်ကူးသင်္ဘောကြီးများနှင့် မြန်မာ့ကမ်းရိုးတန်းသွားသင်္ဘောများ၏ ပင်လယ်ရေကြောင်း အဝင်/အထွက် ပိတ်ဆို့မှုမရှိစေရေး၊ ရေလမ်းကြောင်းတွင် အင်္ဂလန်ကျား (ကျားဖောင်များ) ပိတ်ဆို့မှုမရှိစေရေးနှင့် ရေလမ်းကြောင်းအန္တရာယ် ကင်းရှင်းစေရေးအတွက် တပ်မတော် (ရေ) နှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ ညှိနှိုင်းအတည်ပြုထားပြီးဖြစ်သော Yangon Pilot Fixed Station မှ ဒဂုံ ၊ စန္ဒာ ၊ သူရိယ မီးပြဘွိုင်၊ အယ်ကွာဒါ မီးပြတိုက်ခရီးစဉ်နှင့် ရန်ကုန်-ကော့သောင်း ခရီးစဉ်တို့အတွက် သတ်မှတ်ထားသည့် Coordinate လမ်းကြောင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) Yangon Pilot Fixed Station မှ ဒဂုံ ၊ စန္ဒာ ၊ သူရိယ မီးပြဘွိုင်၊ အယ်ကွာဒါ မီးပြတိုက်အနီး သတ်မှတ်ထားသည့်ရေလမ်းကြောင်းများ

Point 1: 16° 25.00' N, 96° 21.00' E

16° 25.00' N, 96° 22.30' E

Point 2: 16° 10.50' N, 96° 13.50' E

16° 10.50' N, 96° 15.00' E

Point 3: 15° 40.50' N, 96° 04.50' E

15° 39.00' N, 96° 05.80' E

Point 4: 15° 23.00' N, 95° 10.50' E

15° 21.00' N, 95° 10.50' E

(ခ) ရန်ကုန်-ကော့သောင်းခရီးစဉ်သတ်မှတ်ထားသည့် ရေလမ်းကြောင်းများ

Point A: 16° 20.00' N, 96° 21.00' E

Point B: 14° 56.00' N, 96° 37.00' E

၂။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ သတ်မှတ်ထားသည့် Coordinates လမ်းကြောင်းများ တစ်လျှောက်နှင့် တစ်ဖက်တစ်ချက်စီ၌ ရေမိုင်(၂)မိုင် အကွာအဝေးအတွင်း သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းနှင့် အင်္ဂလန်ကျား (ကျားဖောင်များ) ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာအပ်ပါသည်။

**ပူးတွဲ- ရေလမ်းကြောင်းပြပုံ (Chart) (၁)စောင်**

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)

ပူးတွဲ

ကျားဖောင်များ ရေလမ်းကြောင်းပိတ်ဆို့မှုမရှိစေရေးအတွက် သတ်မှတ်ထားသည့် ရေလမ်းကြောင်း

